ဖာကျွတ်ကျေးရွာ
ဟိုပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖာကျွတ်ကျေးရွာ၊ ဟိုပန်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇွန် လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၄
၂။	ကျေးရွာ သယံဇာတပြဓြေပုံ၊	၅
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၆
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၇
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၁။	ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၉
	(က) တည်နေရာ၊ ရာသဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	၉
	(ခ) သဘာဝအရင်းအမြစ်များ	၉
၂။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ	၉
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
	(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၀
	(င) ကျန်းမာရေးနှင့် အာဟာရ	၁၁
	(စ) ကျား၊ မ ဆိုင်ရာ ဆက်နွယ်မှု	၁၁
၃။	ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ	၁၁
	(က) သီးနှံထုတ်လုပ်ရေးနှင့် သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ	၁၁
	(ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၂
	(ဂ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၂
	(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု	၁၂
	(င) ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၂
	(စ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု	၁၂
	(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	၁၃
	(ဇ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၃
၄။	ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေ	၁၃
	(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	၁၃
	(ခ) အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	၁၃
၅။	ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်	၁၄
	(က) ရည်မှန်းချက်ပန်းတိုင်	၁၄
၆။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		၁၆
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၀
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ခုနှစ်မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇွန် လ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖာကျွတ်ကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ ဖာကျွတ်ကျေးရွာ၏ သယံဇာတပြမြေပုံ



ဟိုပန်မြို့နယ်၊ ဖာကျွတ်ကျေးရွာ ရာသီခွင်ပြ ပြကွက်ဒိန်



ဟိုပန်မြို့နယ်၊ ဖာကျွတ်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဖာကျွတ်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ တောင်ဘက်တွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ (၁)စတုရန်းမိုင် ရှိပါသည်။ ဟိုပန်မြို့မှ (၉/၀) မိုင်ကွာဝေးပြီး ကျေးရွာ၏ အရှေ့ဘက်တွင် ရွာသစ်ကျေးရွာနှင့် ဆုံဖာကျေးရွာ ရှိပါသည်။ ဖာကျွတ်ကျေးရွာ၏ တောင်ဘက်တွင် ကြံစိုက်ခင်းများရှိပြီး ရွာ၏ အနောက်ဘက်နှင့် မြောက်ဘက်တွင်လည်း ကြံခင်းများရှိပါသည်။ ဖာကျွတ်ကျေးရွာသည် တောင်ပေါ် ကျေးရွာ ကလေးဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်တွင် တည်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်များ အမြောက်အများ ပေါက်ရောက်နေပါသည်။သဘာဝတောတွင်းတိရစ္ဆာန်များစွာ တွေ့ရှိရပါသည်။

၂။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် '၀' လူမျိုးများနှင့်'ကိုးကန့်'လူမျိုးများ နေထိုင်ကြပါသည်။အိမ်ထောင်စု (၃၉) စုရှိပြီး လူဦးရေစုစုပေါင်း (၂၁၃)ဦး ရှိပါသည်။ ယျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦး (၆)ဦး ရှိပါသည်။ ဖာကျွတ်ကျေးရွာ၏ လူဦးရေမှာ နို့စို့အရွယ် ကျား(၃)ဦး ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၁၀)ဦး မ(၄)ဦး၊ မူလတန်းကျောင်းသားအရွယ် (၁၀)နှစ်အောက် ကလေးငယ်မှာ ကျား(၁၈)ဦး မ(၁၅)ဦး၊ အလယ်တန်းကျောင်းသားအရွယ်ကျား(၁၆)ဦး မ(၁၃)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၈၁)ဦး မ(၅၅)ဦးနှင့် (၆၅)နှစ်နှင့်အထက်မှာ မ(၁)ဦး ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ (၀င်ငွေ/ပိုင်ဆိုင်မှုနှင့် မမျှတမှု)

ကျွတ်တော်တို့ ဖာကျွတ်ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှ မိုးရေကို စိုက်ပျိုးရေ အဖြစ် အသုံးပြုပြီး တစ်သီးစားလယ်ယာများနှင့် တောင်ယာများ ဖြစ်ကြပါသည်။ မိုးရာသီမှ လွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ ကျွန်တော်တို့သည် တောင်ယာများကို ပြောင်းဖူး၊ ကြံ၊ စပါးကိုသာ စိုက်ပျိုးကြသည်။ တောင်ယာများ ရိတ်သိမ်းရာတွင် အလုပ်သမားများ ငှားရမ်းရပါသည်။ မွေးမြူရေးလုပ်ငန်းမှာလည်း တစ်နိုင်တစ်ပိုင်အဖြစ် မွေးလေ့ရှိပါသည်။

တောင်ယာများ ရိတ်သိမ်းပြီးလျှင် ရွာသူ/သားများသည် တရုတ်နိုင်ငံသို့ နေ့စား/လခစား အလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။ ကျွန်တော်တို့ရွာ၏ မြေအမျိုးအစားများမှာ မြေနီ၊ မြေဝါ၊ ကျောက်စရစ်နှင့် ရွှံစေးမြေများဖြစ်ပါသည်။ မြေများသည် မိုးရာသီ၌သာ အသုံးပြုနိုင်ပြီး ဆောင်းနှင့်နွေရာသီတွင် ရေများ နည်းလာပြီး မည်သည့်သီးနှံမှ စိုက်ပျိုး၍မရပါ။

ကျေးရွာ၏အခြေအနေကို ရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၉၀%) ရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၃%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၀%)၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၇၇%) ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၁၀)ဧကော အထက်ရှိသည်။ အလယ်အလတ်ရှိသော မိသားစုမှာ (၃)ဧက (၄)ဧကအထိ ပိုင်ဆိုင်ကြသည်။ အဆင်းရဲဆုံး မိသားစုများမှာ မွေးမြူရေးအနည်းငယ်နှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဖာကျွတ်ကျေးရွာတွင် စပါး၊ ပြောင်း၊ ကြံတို့ကိုသာ စိုက်ပျိုး၍ ရပါသည်။ တောင်ယာစပါးကို (၁)ဧကတွင် ပျမ်းမျှ (၁၆)တင်း မှ (၂၀)တင်း အများဆုံးထွက်ရှိပါသည်။ ပြောင်းဖူး (၁)ဧကလျှင် (၂၀)တင်းမှ (၃၀)တင်းအထိသာ ထွက်ရှိသည်။တစ်နှစ်ထွက်ရှိသော သီးနှံများသည် ဝမ်းစာဖူလုံမှု မရရှိပါ။ ကြံစိုက်ပျိုးရာတွင်လည်း မြေဩဇာများများထည့်မှသာ ကြံအထွက်ကောင်းသဖြင့် မြေဩဇာများကို ကြံကုမ္ပဏီမှ ဝယ်ယူရာတွင် ဈေးကြီးခြင်း၊ လုပ်အားများလည်း များများသုံးရ၍ လုပ်အားခမြင့်တက်ခြင်း၊ ကြံများခုတ်ပြီးသော်လည်း ကြံဖိုးများကို အချိန်ကာလကြာမှသာ ကုမ္ပဏီမှ ရှင်းပေးသဖြင့် ကြံစိုက်တောင်သူများသည် ချေးငွေများကိုယူသုံးရသဖြင့် ဝမ်းရေးကိုအဆင်ပြေအောင် ဖြေရှင်းနေရပါသည်။

ကျွန်တော်တို့ရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံခြင်း၊ဦးဆောင်နိုင်သောအမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့၊ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ ပေါများလာပါသည်။မိသားစုရုပ်ရွာများမှ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ။ မိသားစုရှိသော်လည်း ငွေကြေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ဖာကျွတ်ရွာ၏ ပညာရေးမှာ အားနည်းလွန်းလှပါသည်။ မူလတန်းအဆင့်ပြီးဆုံးလျှင် ကျောင်းထွက်၍ မိဘများကို ကူညီလုပ်ကိုင်နေကြပါသည်။ ၁၉၇၅ခုနှစ်မှစ၍ မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ စာမတတ်သူဦးရေမှာ သက်ကြီးရွယ်အို များသာ ရှိပါသည်။ လူလတ်ပိုင်းနှင့် လူငယ်များသည် မူလတန်းအဆင့်အောင်မြင်၍ ရေးတတ်/ဖတ်တတ်ကြပါသည်။ မိဘများသည် ပညာရေးကို အားမပေးကြပါ။သား/သမီးများ ကျောင်းသို့ရောက်အောင်လည် လမ်းညွှန်နိုင်ခြင်းမရှိပါ။ ရွာရှိ ဆရာ/ဆရာမများကသာ ကလေးများကို မကြာခဏလိုက်လံခေါ်ယူ၍ သင်ကြားပေးနေရပါသည်။ မိဘများသည် စီးပွားရေးအဆင်မပြေသောကြောင့် သား/သမီးများကို ကျောင်းမထားဘဲ တောင်ယာပေါက်၊ ကြံခုတ်၊ ထင်းခွေ၊ ရေခက်စသော အလုပ်များကို လုပ်ခိုင်းကြပါသည်။ ရေခက်သောနေရာ

သည် ရွာနှင့်ဝေးသဖြင့် ကလေးများအနေဖြင့် ရေခတ်ရသော အလုပ်သည် အလုပ်တစ်ခု ဖြစ်နေပါသည်။

ဖာကျွတ်ရွာရှိ မူလတန်းကျောင်းတွင် ကျား(၂၆)ဦး၊ မ(၁၈)ဦးရှိပါသည်။အလယ်တန်း တက်ရောက်သူဦးရေမှာ ကျား(၅)ဦး၊ မ(၃)ဦး ရှိပါသည်။ပညာရေးကို ဦးစားမပေးနိုင်ခြင်းမှာ မိဘများ ဆင်းရဲနွမ်းပါးမှုကြောင့် ဖြစ်ပါသည်။

(c) ကျန်းမာရေးနှင့် အာဟာရ

ကျွန်တော်တို့ရွာတွင် မိုးဦးရာသီအစ၌ ငှက်ဖျားရောဂါနှင့် တုတ်ကွေးရောဂါ အနည်းငယ် ခံစားရပါသည်။

(စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

ဖာကျွတ်ရွာတွင် အမျိုးသမီးအခွင့်အရေးနည်းပါးပါသည်။ အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးကိုသာ လုပ်ကိုင်နေရသဖြင့် လူမှုအဖွဲ့အစည်းနှင့် ကျေးရွာ၏စီမံအုပ်ချုပ်မှုများတွင် ပါဝင်ဦးဆောင်နိုင်ခြင်း မရှိပါ။ ကျွန်တော်တို့ရွာတွင် ဆိုလာမီးစနစ်ဖြစ်သဖြင့် ဆိုလာမီးဆင်ကာစတွင် အိမ်တိုင်းနီးပါးမီးလင်းသော်လည်း အချိန်ကာလ(၁)နှစ်ကြာသော် ဘတ်ထရီအိုးများ ပျက်စီးသဖြင့် ထပ်မံဘတ်ထရီအိုး မဝယ်နိုင်သောအိမ်များတွင် မီးမလင်းတော့ပါ။ ဝယ်ယူနိုင်သော အိမ်များတွင်သာ မီးလင်းပါသည်။

သို့ဖြစ်ပါ၍ ရွာသူ/သားများသည် မျက်စိမှိတ်၊ နားပိတ်ဖြစ်နေပါသည်။ လက်မှုအတတ်ပညာ တတ်မြောက်သူ မရှိပါ။ သူတို့၏ဘဝကို ကျပန်းလုပ်ကိုင်စားသောက်မှု၊ အိမ်မှုကိစ္စ/သားသမီးများ၏ ကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။ အမျိုးသမီးများသည် အိမ်ထောင်ကျသော်လည်း သားရေး/ သမီးရေး၊ စီးပွားရေးနှင့် အချိန်ကုန်ဆုံးရင်း လုပ်ကိုင်ချင်သော လုပ်ငန်းများကို မလုပ်ကိုင်နိုင်ဘဲ အသက်ကြီး၍ အချိန်ကုန်သွားကြသည်။ ပြင်ပအဖွဲ့အစည်းများ အိမ်ထောင်ဦးစီးများ ပံ့ပိုးနိုင်လျှင် အမျိုးသမီးများ၏ဘဝသည် ရပ်ရွာနှင့် နိုင်ငံ၏အကျိုးစီးပွားကို သယ်ဆောင်နိုင်သော အမျိုးသမီးများ များစွာရှိပါသည်။

၃။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

(က) သီးနှံထုတ်လုပ်ရေးနှင့် သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်တော်တို့ရွာသည် မိုးရွာမှ မိုးရေကိုသာ စိုက်ပျိုးရေအဖြစ် သုံးရပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါး၊ ပြောင်း၊ ကြံတို့ ဖြစ်ပါသည်။ သီးနှံများကို စိုက်ပျိုးချိန်နှင့် ရိတ်သိမ်း ချိန်တွင် ငွေကြေးများ လိုအပ်ပါသည်။ ငွေကြေးလိုအပ်မှုကို အစိုးရမှ ထုတ်ပေးသော မြစိမ်းရောင်ပိုက်ဆံကိုသာ အားကိုးနေရပါသည်။ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရစ္ဆာန်

များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ဖြစ်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် မွေးမြူရေးကို လုပ်ကိုင်သူများမရှိပါ။ နည်းပညာ၊ အတတ်ပညာမရှိခြင်းနှင့် ဦးဆောင်၍ လုပ်ကိုင်ကြမည့် အိမ်ထောင်ဦးစီးအများစုမှာလည်း မူးယစ်ဆေးဝါးနှင့်အချိန်ကုန်ဆုံးနေကြရပါသည်။

(ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ

ကျွန်တော်တို့ဖာကျွတ်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်ဘဲ တရုတ်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သူဦးရေ (၃၀%) ရှိပါသည်။

(ဂ) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်

ကျွန်တော်တို့ဖာကျွတ်ကျေးရွာနှင့် အနီးဆုံး စျေးမှာ (၇/၀)မိုင် ကွာဝေးပါသည်။ ပစ္စည်းများကို ထော်လာကျီ၊ ဆိုင်ကယ်များနှင့် သယ်ယူရပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသော သီးနှံများကို နယ်စပ်မြို့ဖြစ်သော ချင်းရွှေဟော်သို့ ရောင်းချရပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျွန်တော်တို့ရွာသည် လွန်ခဲ့သော နှစ်ကာလအတွင်း သဘာဝသစ်တော၊ စိမ့်စမ်းရေ ထွက်ရှိသော နေရာများနှင့် တိရစ္ဆာန်များ ပေါများသောဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် စည်းကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီ၊ မြေဩဇာများ နည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုခါတ်ထိန်းသိမ်းမှုမရှိခြင်းတို့ ဖြစ်ပါသည်။ သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ရွာနီးပတ်ဝန်းကျင်ရှိ သစ်တောများကို ရွာသူ/ရွာသားများက ထိန်းသိမ်းစောင့်ရှောက်နေရပါသည်။

(င) ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ သို့ဖြစ်ပါ၍ မွေးလူနာနှင့် ဖျားနာသူများသည် (၇/၀)မိုင်ခန့် ကွာဝေးသော ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသနေရပါသည်။ မိုးရာသီတွင် သွားလာရေးပိတ်၍ ခက်ခဲပါသည်။

ကျွန်တော်တို့ရွာတွင် ယင်လုံအိမ်သာသုံးစွဲမှု အလွန်နည်းပါးပါသည်။ ကျွန်တော်တို့ရွာတွင် သန့်ရှင်းရေးလုပ်ဆောင်မှုလည်း အလွန်နည်းပါးပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်၍ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

(စ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု

ကျွန်တော်တို့ဖာကျွတ်ကျေးရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက် သွားလာနေသော လမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ရွာထဲလမ်းများနှင့် အဓိကလမ်းမကြီးသည် လူများ/ဆိုင်ကယ်များ သွားလာရာတွင် အလွန်ခက်ခဲလျက်ရှိပါသည်။ ရွာ၏ ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများသည် မိုးများလျှင် ရေအလွန်များသောကြောင့် အရေးပေါ် သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျက်ရှိပါသည်။ပွင့်လင်းရာသီ ရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း၊ ချိုင့်ခွက်များရှိကာ တစ်ရွာမှတစ်ရွာသို့ သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်တော်တို့ဖာကျွတ်ရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများ ဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့အစည်းများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယ လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် မြေနေရာများ မရှိခြင်း၊ လူငယ်များ ဗဟုသုတလေ့လာရန် စာကြည့်တိုက်များ မရှိခြင်းတို့ကြောင့် အသိပညာဗဟုသုတများ စဉ်းစားချင့်ချိန်နိုင်စွမ်း လျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည်မဖွံ့ဖြိုးတော့ဘဲ ဆင်းရဲ လာကြပါသည်။

(ဇ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျွန်တော်တို့ဖာကျွတ်ကျေးရွာ၏ လုံခြုံရေးအခြေအနေမှာ အသင့်အတင့်သာရှိပါ သည်။ ကျွန်တော်တို့ရွာတွင် အဖြစ်အများဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုတို့ ဖြစ်ပါသည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက်လုယက်မှုများ မရှိပါ။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏ အဓိကရန်သူဖြစ်၍ အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့်ပါသည်။မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာ ရာတွင် အန္တရာယ်အလွန်ပင်များပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီးမရသည်ကို စဉ်းစားမရပါ။

၄။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်း များအသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့် ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေရသော်လည်း နည်းပညာ၊ ဗဟုသုတ တတ်မြောက်မှု အားနည်းကြပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူ များပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ဦးဆောင်နိုင်သောအမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာ မဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်းထောင်စုများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

- ❖ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစား ၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစုဝင်ငွေတိုးလာစေရမည်။
- ❖ အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာမီးလင်းရေး စသည် လူမှုအခြေခံအဆောက်အဦများ လက်လှမ်းမီမှုတိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာစေရမည်။

၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၁	✓				
၂	စိမ့်စမ်းရေသွယ်ယူခြင်း(၁၀၀၀')	၂	✓	✓			
၃	ကျေးရွာချင်းဆက်လမ်းများအားကျောက်ချော လမ်းခင်းခြင်း	၃		✓	✓	✓	✓
၄	ရောဂါပိုးမွှားကာကွယ်ရေးသင်တန်း	၄	✓	✓	✓	✓	✓
၅	မီးလင်းရေးဆောင်ရွက်ခြင်း	၅	✓	✓	✓		
၆	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	၆	✓	✓	✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ဖာကျွတ်(လွယ်လ)
ကျေးရွာအုပ်စု	- ဖတ်ဟာ
မြို့နယ်	- ဟိုပန်မြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်မြောက်ပိုင်း
စီမံချက်အမည်	**-** ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာသည် တောင်ပေါ်ရွာလေးဖြစ်ပြီး မိုးတွင်းနှင့် မိုးများသည့် အချိန်များတွင် ကျေးရွာတွင်း တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် လမ်းပေါ် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ လမ်းချော်ခြင်းဖြစ်ပေါ်ကာ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ညသန်ခေါင်ချိန် ကျန်းမာရေးကိစ္စများနှင့် သွားလာရာတွင် အခက်အခဲများ ဖြစ်ပေါ်နေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ဝိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာတွင် တစ်နေရာမှ တစ်နေရာသို့ သွားလာရာလမ်း ခက်ခဲနေမှု သွားလာရေး လွယ်ကူအဆင်ပြေ သွားစေရန် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးသွားမည်ဆိုပါက ကျေးရွာသူ/သားများ တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေသွားစေမည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း (၈၀၀'x ၁၂'x ၆")	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀.၀၀ (ငွေသား) • ၂.၀၇ (ငွေသား) • xxxxxxxxxxxx (ပစ္စည်း + လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၂၈	၈၈	၂၀၆	-	၅	၈	၂၆	၃၉
အကျိုးခံစားမည့်သူ ဦးရေ	၁၂၈	၈၈	၂၁၆	-	၅	၈	၂၆	၃၉
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာသူ/သားများ
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးပေးပါမည်။

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၀.၂.၂၀၁၉

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၁၅.၄.၂၀၁၉

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (ကွန်ကရစ်ခင်းခြင်း)တွင် လုပ်အား/ငွေအား ပါဝင်လာစေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်းနှိုးဆော်သွားမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲ့ဝင်များ ပါဝင်ခြင်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်း၊ ပြီးစီးသွားသောလုပ်ငန်း ပြင်ဆင်ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်းပြုပြင်ဆောင်ရွက်သွားမည်။

နောက်ဆက်တွဲ (၁)

ဖာကျွတ်ကျေးရွာ ၊ ဖတ်ဟာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးဆမ်ကင်း	ဦးအိုက်ဋ္	လျှောက်ထားဆဲ	၆၉	ဥက္ကဋ္ဌ	
၂။	ဦးအိုက်လွန်	ဦးငိုဆွဲ	လျှောက်ထားဆဲ	၃၀	ဘဏ္ဍာရေးမှူး	
၃။	ဦးအိုက်ထွန်း	ဦးအိုက်ကုန်း	လျှောက်ထားဆဲ	၂၂	စာရင်းကိုင်	
၄။	ဒေါ်နန်းပီး	ဦးစံကိန်း	၁၃/ဟပတ(နိုင်)၀၁၄၀၆၇	၂၃	သော့ကိုင် (၁)	
၅။	ဒေါ်အမ်ထမ်း	ဦးညီပလိပ်	လျှောက်ထားဆဲ	၂၁	သော့ကိုင် (၂)	
၆။	ဦးညီထွန်း	ဦးငိုကား	၁၃/ဟပတ(နိုင်)၀၀၈၃၃၃	၅၄	အဖွဲ့ဝင်	
၇။	ဦးအိုက်ဗိုလ်	ဦးအိုက်ရန်	၁၃/ဟပတ(နိုင်)၀၀၈၃၀၆	၅၂	အတွင်းရေးမှူး	

ဖတ်ဟာကျေးရွာအုပ်စု၊ ဖာကျွတ်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	-	၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၀	၄	၁၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၁၅	၃၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၃	၂၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၈၁	၅၅	၁၃၆
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	-	၁	၁
စုစုပေါင်း		**၁၂၈**	**၈၈**	**၂၁၃**
စုစုပေါင်း အိမ်ထောင်စု		**၃၉**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅)နှစ်ပြည့်သည်မှ အသက်(၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များ ကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ (၁)နှစ်အောက် နို့စို့အရွယ်ကလေးများအား ယခုနောက်ပိုင်း ပြုစုစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာ ပါသည်။ မိမိတို့ကျေးရွာအုပ်စုအတွင်းရှိသော ဖတ်ဟာကျေးလက်ကျန်းမာရေးဌာနခွဲမှလည်း မိခင်နှင့် ကလေးများအား ကြိုတင်ကာကွယ် ဆေးထိုးပေးခြင်းများရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၁	၇၁	-	မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၂	၄	-	မြင့်☐ လတ်☑ နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင် သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၁	မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	၂	မြင့်☐ လတ်☑ နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား	၆	၆	၉	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၃၉	၈၁	၁၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်းမပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ မြင့်၊ လတ်)"ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ-"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်

လုပ်ငန်း" တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ကို ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ကိုယ်ပိုင်လုပ်ငန်းများဖြစ် အသက်မွေးကြသော်လည်း တောင်စောင်းများတွင် စိုက်ပျိုးလုပ်ကိုင်ကြရသဖြင့် ဘဝရပ်တည်နေထိုင်မှုခက်ခဲကြပါသည်။ တောင်ယာမရှိသော အိမ်ထောင်စုများသည် ကျပန်းလုပ်သား လုပ်ကိုင်ခြင်းရှိပါသည်။ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်။ (၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ÷၂၂.၇၅**)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ×၈**)

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျား/မလုပ်အားခများအား ခွဲခြားထားခြင်းမရှိဘဲ တန်းတူသတ်မှတ်လုပ်ကိုင်ကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၂.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၅.၅	ကောင်း ☐	သင့်☑	ညံ့☐
စုစုပေါင်း	**၆၅.၀**	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တောင်ယာမြေမှာ ခါတ်တုမြေဩအသုံးပြုခြင်းနှင့် မိုးရေတိုက်စားခြင်းကြောင့် အနည်းငယ် ပျက်စီးပါသည်။ မိုးရေနှင့်အစိုခါတ်ကို အားပြုပြီး တစ်နှစ်လျှင် သီးနှံစိုက်ပျိုးနိုင်မှု တစ်ကြိမ်သာ ရှိပါသည်။ မိမိတို့မြေယာများအား တရုတ်လောပန်းများထဲ ရောင်းချခြင်းများလည်းရှိပါသည်။

(၈-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက် စသည်။)	များ☐ မရှိ☐	သင့်☐	နည်း☑	လွယ်☐ အသုံးမပြုနိုင်ပါ ☑	ခက်☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ မရှိ☑	သင့်☐	နည်း☐	လွယ်☐ အသုံးမပြုနိုင်ပါ☐	ခက်☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် တောင်ဆိတ်၊ မျောက်၊ တောဝက်၊ တောကြက်နှင့် ကြက်တူရွေးများ အနည်းငယ်တွေ့ရပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓါတုပစ္စည်းများ အသုံးများလာခြင်း၊ တောတောင်များနည်းပါးလာသောကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ နေထိုင်ကျက်စားမှုနည်းပါးလာပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	-	၅	၈	၂၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း ဥစ္စာဓနအဆင့် အခြေအနေသည် လယ်/ယာမြေရှိခြင်း၊ သစ်သားအိမ်ရှိခြင်း၊ ကား/ထော်လာဂျီရှိခြင်းနှင့် အရောင်း/အဝယ်လုပ်ကိုင်သူများအား အဆင်ပြေသူများအဖြင့် သတ်မှတ်ကြပါသည်။ လယ်/ယာရှိခြင်း၊ တိုင်ထောင်သွပ်မိုးသစ်သားအိမ်နှင့် ဆိုင်ကယ်ရှိသူများအား အလယ်အလတ်

ရှိသူအဖြစ် သတ်မှတ်ကြသည်။ မြေယာအနည်းငယ်ရှိခြင်း၊ သက်ကယ်မိုး ဝါးထရံကာအိမ်၊ ဆိုင်ကယ်နှင့် မွေးမြူရေးလုပ်ကိုင်သူများအား မပြေလည်ကြသူများအဖြင့် သတ်မှတ်ကြသည်။ကျေးရွာအတွင်းရှိ အိမ်များစုမှာ ခြေတိုင်ရှည်အိမ်များ ဆောက်လုပ်နေထိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ ၁၂လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖခင်နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၂		
အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သက်ကြီးရွယ်အို အဖွား(၁)ဦးသည် သားဖြစ်သူမှာ မိုးကုတ်သို့ အလုပ်လုပ်ကိုင်ရန် ထွက်သွားပြီး ပြန်မလာတော့ပါ။ သမီးဖြစ်သူမှာ တရုတ်ပြည်တွင်အလုပ်လုပ်ကိုင်လျက်ပြီး သုံးလေးနှစ်တစ်ကြိမ်သာ ပြန်လာပါသည်။ ဆင်းရဲပြီးမိသားစုဦးရေများသည့် အိမ်ထောင်စု(၁၅)စုရှိပါသည်။ အမျိုးသားများမှာ မူးယစ်ဆေးသုံးစွဲနေသောကြောင့် အမျိုးသမီးများသာ မိသားစုစားဝတ်နေရေး ရုန်းကန်လုပ်ကိုင်ရှာဖွေနေရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)							
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	☐	လတ်	☑	နိမ့်	☐	မရှိ	☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်	☑	လတ်	☐	နိမ့်	☐	မရှိ	☐
၃	ရေကြီးခြင်း	မြင့်	☐	လတ်	☐	နိမ့်	☐	မရှိ	☑
၄	မိုးခေါင်ခြင်း	မြင့်	☐	လတ်	☐	နိမ့်	☐	မရှိ	☑
၅	အအေးလွန်ကဲခြင်း	မြင့်	☐	လတ်	☐	နိမ့်	☐	မရှိ	☑
၆	မုန်တိုင်း	မြင့်	☐	လတ်	☐	နိမ့်	☑	မရှိ	☐
၇	ငလျင်	မြင့်	☐	လတ်	☐	နိမ့်	☐	မရှိ	☑
၈	မီးဘေး	မြင့်	☐	လတ်	☐	နိမ့်	☑	မရှိ	☐
၉	ဆားငန်ရေဝင်မြေ	မြင့်	☐	လတ်	☐	နိမ့်	☑	မရှိ	☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်	☐	လတ်	☐	နိမ့်	☐	မရှိ	☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	☑	လတ်	☐	နိမ့်	☐	မရှိ	☐
၁၂	၄က်ဖျားရောဂါ	မြင့်	☐	လတ်	☐	နိမ့်	☑	မရှိ	☐
၁၃	တီဘီရောဂါ	မြင့်	☐	လတ်	☐	နိမ့်	☑	မရှိ	☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မြို့မှ(၅/၀)မိုင်ခန့်ကွာဝေးပြီး မြေသားလမ်းနှင့် ဗြုန်းလမ်းခင်းထားပါသည်။ မိုးရာသီနှင့် မိုးများချိန်များတွင် လမ်းချောခြင်းများဖြစ်ပွားသဖြင့် ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာမှု ခက်ခဲပါသည်။ လမ်းများဖောက်လုပ်ရာတွင် မြောင်းတူးဖော်ခြင်းမရှိသောကြောင့် လမ်းများအလွယ်တကူ ပျက်စီးခြင်းကြုံတွေ့ရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၆	မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၁၅	ဆေးစွဲသူများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လူငယ်များ မူးယစ်ဆေးဝါး အန္တရာယ်ခံရနိုင်ပါသည်။ မြေယာမဲ့ ဆင်းရဲတောင်သူများအတွက် ထိခိုက်ခံရနိုင်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၅	၂	၇	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျေးရွာ မြစိမ်းရောင် ကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၅	၂	၇	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၂	၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ လယ်သမားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိခြင်းမရှိပါ။ ကျောင်းကော်မတီတွင် ရပ်မိရပ်ဖများ ပါဝင်နေသောကြောင့် လုပ်ငန်းများပို၍ အဆင်ပြေစေပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – မမွေစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးသော ပြင်ပအဖွဲ့အစည်းအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့်သာ ဆက်သွယ်မှုရှိပြီး ကျန်ဌာနများနှင့် ချိတ်ဆက်မှုမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၆	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁	တောင်သူလတ်
၅	၁၂.၅ဧကအထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၉**	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း မြေယာဇက အများအပြားပိုင်ဆိုင်သူအနည်းငယ်သာရှိပါသည်။ မြေယာမဲ့အိမ်ထောင်မိသားစု(၇)စု ရှိပါသည်။ စိုက်ပျိုးမြေမရှိသောအိမ်ထောင်စုများသည် နေ့စားကျပန်းရှာဖွေလုပ်ကိုင်ခြင်း ရှိပါသည်။မိမိပိုင်မြေယာများ ရောင်းချလိုက်သောကြောင့် ပိုင်ဆိုင်မှုနည်းသွားရခြင်း ဖြစ်ပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၃၉	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)

ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။လယ်ယာစိုက်ပျိုးရေးမလုပ်နိုင်ပါ။ စိမ့်စမ်းရေအရင်းအမြစ်ရှိသော်လည်း ကျေးရွာ၏ သောက်သုံးရေအတွက်သာ လုံလောက်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ကြံ	၂၀	တန်	၂၂	၂၅	၂၄	ဇွန်	ဒီဇင်ဘာ	မြင့်☑ လတ်☐ နိမ့် ☐	မြင့် ☐ လတ်☑ နိမ့် ☐
စပါး	၁၀	တင်း	၃၅	၅၀	၄၀	ဇွန်	ဒီဇင်ဘာ	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☐ လတ်☐ နိမ့် ☑
ပြောင်း	၃၀	တင်း	၄၀	၆၀	၅၀	မေ	နိုဝင်ဘာ	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☐ လတ်☐ နိမ့် ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပြောင်းမျိုးများအား တရုတ်မျိုးနှင့် ဒေသမျိုးများ စိုက်ပျိုးကြပါသည်။ မိသားစုစားရန်အတွက် ယာစပါးအနည်းငယ်စိုက်ပျိုးကြပါသည်။ယခင်က ပြောင်းစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပြီး ယခုအခါတွင် တရုတ်ကြံစိုက်ပျိုးလုပ်ကိုင်သူ အိမ်ခြေများလာပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	–	–	–	––
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	–	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–		–

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ကုန်း၊ တောင်စောင်းများတွင် လုပ်ကိုင်သောကြောင့် စက်ကိရိယာ အသုံးမပြုနိုင်ပါ။ သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ခုတ်ထွင်ရှင်းလင်းခြင်းများအား ပေါက်ပြား၊ ဓါးများကိုသာ အသုံးပြုလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက် များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက် များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☐ မဖြေဆိုပါ☐
သဘာဝဗေဒေဆွေး/ အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံမျိုးများဝယ်ယူရန် အတွက် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ မှရရှိပါသည်။ ကြံခုတ်ရာသီတွင် အောက်ပြည်မှလုပ်သားများအား ငှားရမ်းလုပ်ကိုင်ကြသည်။ ဓါတုဓါတ်မြေ ဩဇာ နှင့်အခြားသွင်းအားစုပစ္စည်းများအား ဟိုပန်ဈေးမှ လွယ်ကူစွာဝယ်ယူနိုင်ပါသည်။ ထွတ်ကုန်သီးနှံများ ရောင်းချရာတွင် ဈေးနှုန်းအတတ်အကျများနှင့် ကြုံရပါသည်။ တရုတ်ပြည်မှ ဈေးနှုန်းထိန်းချုပ်မှုရှိသည်။

